# World Children's Day (ကမ္ဘာ့ကလေးများနေ့)

**နေ့စွဲ-၁၉.၁၁.၂၀၂၃**

၁။ နိုဝင်ဘာ ၂၀ ရက်နေ့သည် ကမ္ဘာ့ကလေးများ နေ့ဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းရှိ ကလေးများကို ရည်ရွယ်ပြီး နှစ်စဉ်ကျင်းပသည့် အထိမ်းအမှတ်နေ့ဖြစ်သည်။ ၁၉၅၉ ခုနှစ်မှ စတင်၍ နိုင်ငံအများ အပြားတွင် ကမ္ဘာ့ကလေးများနေ့ (World Children’s Day) ကို ကျင်းပကြပြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခြင်း အထိမ်းအမှတ်အဖြစ် ကမ္ဘာ့အဖွဲ့အစည်း အသီးသီးက နှစ်စဉ် ကျင်းပပြုလုပ်လေ့ရှိပါသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နိုင်ငံတိုင်း တွင် ကလေးသူငယ် အခွင့်အရေးများအကြောင်း အသိပညာပေးခြင်း၊ စည်းလုံးညီညွတ်မှုနှင့် ကလေး များ၏ သက်သာချောင်ချိရေး မြှင့်တင်ပေးရန်အတွက် ရည်ရွယ်ပြီး လုပ်ငန်းများ လုပ်ဆောင်လေ့ရှိပါ သည်။

၂။ ကမ္ဘာ့ကလေးများနေ့ကို ကမ္ဘာတစ်ဝှမ်းလုံးရှိ ကလေးများ၏ အနာဂတ်ပိုမို တောက်ပစေနိုင်ရေး၊ ကာကွယ်မှု အပြည့်အဝပေးနိုင်ရေး၊ အခွင့်အရေး ပိုမိုရရှိစေရေး နှင့် ကလေးများ ရင်ဆိုင် ကြုံတွေ့ရ သော အခက်အခဲများကို အတူတကွ ဖြေ ရှင်း ပေးနိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် အလေးထား ကျင်းပပြုလုပ်လေ့ ရှိပါသည်။ ထိုနေ့သည် ကလေးငယ်များအတွက် ပိုမိုကောင်း မွန်သောကမ္ဘာကို တည်ဆောက်ခြင်းနှင့် ကလေးသူငယ်အခွင့်အရေးများကို မြှင့်တင် ဂုဏ်ပြုရန် လေးနက်သော သတင်းစကားများဖြင့် ပြည့်နှက်နေသည့် နေ့တစ်နေ့ဟုလည်း ဆိုနိုင်ပါသည်။

၃။ ၂၀၂၃ ခုနှစ် ကမ္ဘာ့ကလေးများနေ့အတွက် ဆောင်ပုဒ်မှာ “Investing in our future means investing in our children” "ကလေးငယ်များအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် အနာဂတ်ကမ္ဘာ အတွက် ရင်းနှီးမြှုပ်နှံခြင်းပင် ဖြစ်သည်" ဟု ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းမှ ကလေးများ အားလုံးသည် တန်းတူအခွင့်အရေးရပိုင်ခွင့်ရှိသည်။ ယဉ်ကျေးမှု မတူညီသော ကလေး သူငယ်များ အကြား ခွဲခြားဆက်ဆံမှု ပပျောက်ရေးကိုလည်း ဦးစားပေး လုပ်ဆောင်ရပါမည်။ လူ့အဖွဲ့အစည်း အသီးသီးက အသားအရောင်အမျိုးအစား မတူညီသည့် ကလေးများကို ကြိုဆိုပြီး နေရာပေးကြရ မည် ဖြစ်ပါသည်။

ဆောင်ပုဒ်၏ အခြား ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ကလေးများအတွက် ငြိမ်းချမ်းသောကမ္ဘာတစ်ခု ဖန်တီး ပေးရန် ဖြစ် ပါသည်။ ကလေးငယ်များအပေါ် ခွဲခြားဆက်ဆံခြင်းသည် လူ့အဖွဲ့အစည်းအား ထိခိုက်စေသည့်အပြင် ကလေးတစ်ဦး၏ စိတ်အခြေအနေ ကိုလည်း ထိခိုက်စေနိုင်သည်။ ထို့ကြောင့် စစ်ပွဲများနှင့် ကပ်ရောဂါများကဲ့သို့ လူသားနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ကလေးငယ်

များကို ဒုက္ခမဖြစ်စေသင့်ဘဲ ပံ့ပိုးကူညီပေးခြင်း၊ ကယ်ဆယ်ရေးမစ်ရှင်အသီးသီးတွင် ဘေးဒုက္ခ ခံစားရသည့် နယ်မြေအားလုံးမှ ကလေးငယ်များအတွက် လုပ်ဆောင်ကြရပါမည်။

၄။ မြန်မာနိုင်ငံအနေဖြင့်လည်း နှစ်စဉ်ကမ္ဘာ့ကလေးများနေ့ကို နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပါဝင် ကျင်းပလျက်ရှိပြီး ကလေးငယ်တစ်ဦးချင်းစီအတွက် ပိုမို ကောင်းမွန်သည့် အခွင့်အရေးများ ဖန်တီး ပေးနိုင်သည့် လောကကြီးတစ်ခု တည်ဆောက်ပေးကာ နောင်တစ်ချိန်တွင် လူကြီးဖြစ် လာမည့် ကလေးများ၏ အနာဂတ်အတွက် ပညာရေးနှင့် စိတ်ကျန်းမာရေးတို့ကို အလေးထား ဖြည့်ဆည်းပေး သည့်အပြင် ကလေးများနှင့် လူငယ်များအား လူမျိုးရေးခွဲခြားမှုနှင့် ခွဲခြားဆက်ဆံမှု အဆုံးသတ်ရေး အထိ ဆောင်ရွက်ရမည် ဖြစ်သလို ၎င်းတို့၏အသံကို ထုတ်ဖော်ကြပြီး ပိုမိုကောင်းမွန်သော အနာ ဂတ်ကို ဖန်တီးပေးရေးနှင့် ကလေးအခွင့်အရေးများကို အကာအကွယ်ပေးရေး လုပ်ဆောင်ကြရန် ကျွန်ုပ်တို့ WLRC, MNRN နှင့် Youth Empowerment (မိတ်ဖက်သုံးဖွဲ့မှ) တိုက်တွန်းနှိုးဆော် အပ်ပါ သည်။

Women Lead Resource Center (WLRC)

Magway Human Rights Network (MHRN)

Youth Empowerment(YE)